ကျွန်းဘိုကုန်းကျေးရွာ

ပုလဲမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွန်းဘိုကုန်းကျေးရွာ၊ ပုလဲမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ကျွန်းဘိုကုန်းကျေးရွာအရင်းအမြစ်မြေပုံ၊ ပုလဲမြို့နယ် ၅

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၆

၁။ နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းမြစ်များ ၇

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ (ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု)

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား၊မဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၉

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(စ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု– လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၀

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၁

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၁

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၂

(က) ဦးစားပေး စီမံချက်များ

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၁၄

၁၀။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၁၅

(က) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ ၁၆

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေးဆိုင်ရာ အချက်အလက်များ

ဇယား(၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား(၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား(၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၉) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

ဇယား(၁၀) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၁၂)　ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား(၁၃)　သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၁၄)　လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား(၁၅)　ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ
ဇယား(၁၆)　ကျောင်းတက်နှုန်း
ဇယား(၁၇)　စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၁၈)　အဖြစ်များသော ရောဂါများ
ဇယား(၁၉)　လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၂၀)　ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၂၁)　သောက်သုံးရေရရှိနိုင်မှု

၂

ဇယား(၂၂)　အိမ်သာအမျိုးအစားများ
ဇယား(၂၃)　ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ
ဇယား(၂၄)　သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ
ဇယား(၂၅)　ကျား–မ ရေးရာ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၃၅

အပိုင်း(ခ) စီမံချက်ဆိုင်ရာအချက်အလက် ၃၆

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး


ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုး ပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းအချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း သိရှိခဲ့ရပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်သည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။



ရည်ညွှန်း - ပုလဲမြို့နယ်၊ ကျွန်းကိုကုန်းကျေးရွာတွင် ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

၁။ နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြာထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင် ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက် ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး

လိုအပ်ချက်များအာ အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစာပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ကျေးရွာပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က)။ တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်းဘိုကုန်းကျေးရွာသည် စစ်ကိုင်းတိုင်း၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ် ကျွန်းဘိုကုန်းကျေးရွာအုပ်စု၊ ပုလဲမြို့နယ်အနောက်တောင်ဘက်၊ ပုလဲ-ဂန့်ဂေါ ဆက်သွယ်ဖောက် လုပ်ထားသော ကားလမ်းမဘေး (၃)မိုင်ခန့် တွင်တည်ရှိသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုး ရေး လုပ်ငန်းဖြစ်သည်။

(ခ)။ သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ ညောင်ပင်၊ မကျီး၊ ကုက္ကို၊ သရက်၊ငှက်ပျောနှင့် တမာစသော အပင်များ ပေါက် ရောက်သည်။ကျေးရွာတွင် သဘာဝ သယံဇာတ မထွက်ရှိပါ။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၈၈)ဧကနှင့် ကုလားပဲ/နှမ်း စိုက်ပျိုးသော ယာမြေ (၈၈၉)ဧက ရှိသည်။ လယ်/ယာမြေများသည် မြေပြန့်ဒေသဖြစ်သောကြောင့် မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်သည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က)လူမှုရေးဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စု(၁၆၀)စု ရှိသည်။ ကျား-၃၇၆ဦး၊ မ-၄၀၁ဦး နေထိုင်ကြပါသည်။ တစ်အိမ် ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်း နေထိုင်ကြပြီး ဗမာလူမျိုးများ ဖြစ်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောသူ ကျား/မ စုစုပေါင်း (၅၅၀)ဦး ရှိသည်။ ကျေးရွာရှိ အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၇၀)ရာခိုင်နှုန်းခန့် ရှိသဖြင့် ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ (ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု)

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် ကျပန်းအလုပ်သမား များသည် သင့်တင့်သော နေ့စားလုပ်ခကို ရရှိကြသည်။ တောင်သူများသည် စပါး၊ ပဲ၊ နှမ်းများရရှိပြီး စီးပွားရေး အဆင်ပြေကြပါသည်။ ကျပန်းအလုပ်သမားဦးရေထက် တောင်သူဦးရေပိုများပါသည်။ ပွင့်လင်းရာသီတွင် ကျေးရွာရှိနေ့စားအလုပ်သမားများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ပန်းရံ၊ လက်သမား နေ့စားအလုပ် လုပ်ခြင်းဖြင့် ဝင်ငွေရရှိကြပါသည်။

ဆင်းရဲ၊ ချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏၂၈%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ သော အိမ်ထောင်စုအဆင့်များ ဖြစ်ကြပြီး ၅၀%သည် ချမ်းသာသည့်အဆင့်၊ ၂၁%သည် အလယ်အလတ် အဆင့်ရှိကြသည် ဟု

သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊ လျှပ်စစ်မီးလက်လှမ်းမှီမှု၊ လယ်ယာသုံးစက် ကိရိယာများ ပိုင်ဆိုင်မှုကြောင့် စီးပွားရေးအနေအထားမှာ အသင့်အတင့် ရှိသည်ဟုပြောနိုင်ပါသည်။ချမ်းသာသော လယ်သမား၊ ကုန်သယ်အိမ်ထောင်စုများမှအပ အခြားလယ်သမားနှင့် ပန်းရံလက်လုပ်လက်စား အိမ်ထောင်စု အချို့မှာလည်း ဝက်

မွေးမြူခြင်း၊ စက်ချုပ်ခြင်း၊ ဆံပင်ညှပ်၊ အလှပြင်စသော အသေးစား အိမ်တွင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ အစိုးရဝန်ထမ်း အိမ်ထောင်စုအချို့သည် ငွေရေးကြေးရေး အသင့်အတင့် ပြေလည်ကြပါ သည်။

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာမှာ ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများ၏ ၂၈%ဖြစ်သော (၄၅)စုကို လေ့လာဆန်းစစ်မှု အရ ယင်းတို့၏ ၁၀%မှာ သူတပါးထံမှ ချေးငှားပြီးမှ နပ်မှန် စားသုံးနိုင်ကြောင်း၊ ၁၈%မှာ သူတပါးထံမှ မချေးမငှားပဲ အိမ်ရှိမိသားစုဝင်များ၏ လုပ်အားနှင့် လောက်ငအောင်စားသောက်နိုင်ပါသည်။ မြေယာမဲ့အိမ်ထောင်စုများ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ ကျပန်းနေ့စားလုပ်ငန်းနှင့် ဝက်မွေးမြူရေးတွဲဘက် လုပ်ကိုင်နေခြင်း ဖြစ်ပါသည်။

ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမရှိပါ။ လယ်(၁၀)ဧကအထက် ပိုင်ဆိုင်သူအများစုသာ မိမိလယ်မှထွက်သောစပါးကို တစ်နှစ်ပတ်လုံး သိမ်းပြီး၊ ကျန်လယ်သမားအချို့နှင့် မြေယာမဲ့များမှာ လအနည်းငယ်သာ ထားနိုင်ပြီး မိသားစုစားဝတ်နေရေး ဖြေရှင်းကြရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြ သည်။ ကလေးငယ် အများစုလည်း ကျန်းမာကြပါသည်။ ရေဝပ်ပြီးခြင်ပေါများမှုကြောင့် မိုးရာသီတွင် ကလေးငယ်များ သွေးလွန်တုပ်ကွေး အနည်းငယ်ဖြစ်ပွားတတ်သည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ထမ်း မရှိပါ။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့် လည်း လက်လှမ်းမီသည်။

နှစ်စဉ်မိုးရာသီတွင် လူကြီးလူငယ်များ ရာသီတုပ်ကွေးကူးစက်ခံရလေ့ရှိသည်။ ဆန်စပါးထွက်ရှိခြင်း၊ အလုပ်အကိုင် အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများနေ့စဉ် ဝင်ငွေအသင့်အတင့်ရှိသောကြောင့် ကျေးရွာရှိ အိမ်ထောင်စုဝင်များ၊ ကလေးသူငယ်များ အာဟာရခါတ်ချို့တဲ့မှု မရှိကြပါ။ ကျေးရွာစာသင်ကျောင်းတွင်လည်း ကလေး သူငယ်များကို ကြာဇံဟင်း၊ ဆန်ပြုတ်စသော အာဟာရကျွေးမွေးရေး အစီအစဉ်များကို ကျေးရွာမိဘဆရာအသင်းမှ ဆောင်ရွက်ပေးလေ့ရှိသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တက်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိသည်။ ပညာရေးဌာန တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း(၉)ဦးနှင့် ကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း(၁)ဦး

ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊ အလယ်တန်းကျောင်းတို့တွင် ပညာသင်ကြားနိုင်ပြီး အထက်တန်းပညာရေးကို ပုလဲမြို့သို့ သွားရောက်သင်ကြားနိုင်သည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမှီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီး လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျား၊မ ဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် ကျား၊မ တန်းတူအခွင့်အရေးရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက

ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်း စသောကိစ္စများ ဆောင်ရွက်သည်။ ဘာသာရေးအထိန်းအမှတ် ယဉ်ကျေးမှုပွဲတော်များတွင် အမျိုးသားနှင့် အမျိုးသမီးများ စည်းလုံးညီညွတ်စွာ ပါဝင်ဆင်နွှဲကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ ကျောင်းပညာရေးမှ တက္ကသိုလ် ပညာရေးအထိ ကျား၊မ တန်းတူ အခွင့်အရေးရှိပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့(၇)ဖွဲ့ ရှိပါသည်။ ပြင်ပမှ လာရောက်ဖွဲ့စည်းပေးသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် ဆောင်ရွက်မှုအားနည်းကြောင်းတွေ့ရပါသည်။ USAIDCES မျိုးစေ့ဘဏ် အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအတွက် အကောင်းဆုံး အထောက်အပံ့ဖြစ်သော အဖွဲ့ဖြစ်ပါသည်။ ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ပါသည်။ ကျေးရွာမိဘဆရာအသင်းအဖွဲ့သည် ကျေးရွာအလယ်တန်းကျောင်းတွင် လိုအပ်သည်များကို ဆရာ၊ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပေးပြီး စာသင်ဆောင်လုံလောက်ရေးနှင့် ကျောင်းဖွင့်ရာသီအစတွင် ကျေးရွာမှ ကျောင်းနေအရွယ်ကလေးများ ကျောင်းသို့ ပို့ဆောင်နိုင်ရေးအတွက် မိဘဆရာအသင်းမှ ညှိနှိုင်းဆောင်ရွက်ပေးပါသည်။ အဖွဲ့အသီးသီး၏ လုပ်ကိုင်ဆောင်ရွက်နေမှုသည် အချင်းချင်းချိတ်ဆက် ဆောင်ရွက်နေမှုနည်းသည်မှအပ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်သည် ကောင်းမွန်သည့် အနေအထားတွင် ရှိပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ကုလားပဲ၊ နှမ်းတို့ကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါး စိုက်ဧက (၈၈)ဧကရှိပြီး ကုလားပဲ (၈၈၉)ဧက စိုက်ပျိုးကြသည်။ မိုးစပါး ပျမ်းမျှအထွက်မှာ (၅၀)တင်းနှင့် ကုလားပဲ ပျမ်းမျှ(၁၀)တင်းနှုန်း ထွက်ရှိကြသည်။ နှမ်းကို မိုးကြိုရာသီတွင် ရံဖန်ရံခါ စိုက်ပျိုးကြသည်။ သီးထပ်အကြိမ်ကြိမ် စိုက်ပျိုးသောမြေများ ဖြစ်

သောကြောင့် သီးနှံအထွက်နှုန်းမှာ အသင့်အတင့်ဖြစ်ပါသည်။ ကျေးရွာမှ အိမ်ထောင်စု (၈)စုခန့်သည် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူကြသည်။

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော လုပ်ငန်းများ

ကျေးရွာမှ လယ်ယာမဲ့အိမ်ထောင်စုများသည် မိသားစုဝင်ငွေရရှိရေးအတွက် စက်ချုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ အလှပြင်ခြင်း၊လက်သမား/ပန်းရံလုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ ကုန်စုံဆိုင်ရောင်းဝယ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိပါ။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာမှ စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘတ်စုံပိုးမွှားနှိမ်နင်းမှုအစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လဲ ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊

ပိုးသတ်ဆေးဘူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသင့်သည်။ ကုန်းတွင်းပိုင်းဒေသ ဖြစ်သောကြောင့် မုန်တိုင်းဘေးအန္တရာယ်နည်းပါသည်။ ရံဖန်ရံခါ မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေနှင့် ရှိနေဆဲဖြစ်ပါသည်။

(င) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းသားဦးရေ(၃၉)ဦး၊ အလယ်တန်းကျောင်းသားဦးရေ(၃၆)ဦး ရှိသည်။ အထက်တန်းကျောင်းသားဦးရေ (၂၀)ဦးရှိပြီး ပုလဲမြို့အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြား နေပါသည်။ တက္ကသိုလ်ပညာသင်ကြားနေသူ (၁၀)ဦး၊ တက္ကသိုလ် ဘွဲ့ရသူဦးရေ (၁၃)ဦး ရှိပါသည်။ ကျေးရွာတွင် မိဘဆရာအသင်းရှိပြီး ကျေးရွာပညာရေး တိုးတက်ရေးအတွက် ကျောင်းအသုံးအဆောင် ပရိဘောဂများ ဖြည့်တင်းပေးခြင်း၊ ကျောင်းဆရာများနေထိုင်ရန် စီစဉ်ပေးခြင်း စသောကိစ္စများကို ကျေးရွာမိဘဆရာအသင်းမှ ဆောင်ရွက်ပေးသည်။ ကျေးရွာတွင် အလယ်တန်းဖွင့်လှစ်ထားပြီး ဆရာဆရာမဦးရေ (၇)ဦး ရှိသောကြောင့် လုံလောက်မှုမရှိပါ။ ယခင်က မူလတန်းသာရှိပြီး ယခု အလယ်တန်းကျောင်းပွင့်သည့်အတွက် စာသင်ဆောင် ဖြည်ဆည်းဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ ကိုယ်ဝန်ဆောင်မိခင်များနှင့် အရေးပေါ်လူနာများအတွက် ကျေးရွာနှင့် (၃)မိုင်ခန့်သာ ကွာဝေးသော ပုလဲမြို့နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနိုင်ပါသည်။ သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများသည် ဝါးရိုင်းပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတက်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(စ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု-လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိလမ်းများမှာ မြေသားလမ်းဖြစ်ပြီး ဆိုင်ကယ်/ထော်လာဂျီများကို အသုံးပြု မောင်းနှင်ကြသည်။ မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီတွင် လမ်းအခက်အခဲရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ၂၀၁၄ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်ရေးဆောင်ရွက်နိုင်သောကြောင့် လျှပ်စစ်မီး သုံးစွဲနိုင်ပါသည်။ အိမ်ထောင်စု (၁၆၀)ရှိသည့်အနက် (၁၁၄)အိမ်ထောင်စုသည် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းရှိပြီး ကျန်(၄၆) အိမ်ထောင်စုသည် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိပါ။ ဆက်သွယ်ရေးကွန်ယက်များ လက်လှမ်းမီခြင်းရှိပြီး ကျေးရွာသားအများစုသည် တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းများ သုံးစွဲနိုင်သောကြောင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း ကျောင်းသား/သူများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်း

မြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။ ပုလဲမှ ယင်းမာပင်၊ ယင်းမာပင်မှ မုံရွာသို့ ဆက်သွယ်သော လမ်းမဘေးတွင်တည်ရှိပြီး မုံရွာမြို့နှင့် နီးသောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး သွန်းအားစုများ အလွယ်တကူရနိုင်ခြင်း၊ ထုတ်ကုန်များအတွက် ပွဲရုံများနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေး အဆင်ပြေလွယ်ကူခြင်း၊ မွေးမြူရေး/စိုက်ပျိုးရေးထွက်ကုန်များအား မုံရွာစျေးကွက်သို့ တိုက်ရိုက်ဆက်သွယ်၍ ရောင်းဝယ်မှုများ ပြုလုပ်နိုင်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ မြို့ပြနှင့်နီးသော ကျေးရွာဖြစ်၍ လက်ရှိစိုက်ပျိုးမြေဧရိယာအပြင် တိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် သင့်တင့်သော အတိုးနှုန်းဖြင့် ချေးငွေလက်လှမ်းမှီရန် လိုအပ်ပါသည်။ ထို့အပြင်စိုက်ခင်းများတွင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများ ကျရောက်သည့် အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘတ်စုံပိုးမွှားနှိမ်နင်းရေး အထောက်အပံ့များ ရရှိရန်လိုအပ်ပါသည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော

စနစ်မရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှ ဖွံ့ဖြိုးရေးဘဏ်မှငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲ ကြုံတွေ့ရတက်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးတို့အတွက် အဓိကကုန်ကြမ်း အသိပညာ၊ နည်းပညာတို့ အားနည်းနေပါသည်။ လုပ်ငန်းလုပ်ကိုင်ရန်အတွက် သက်သာသောအတိုးနှုန်းဖြင့် ရင်းနှီးငွေရရှိရန် လိုအပ်နေခြင်း စသည်တို့သည် ကျေးရွာ၏အဓိကကျော်လွှားရမည့် အဟန့်အတားနှင့် စိန်ခေါ်မှုများ ဖြစ်ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျွန်းဘိုကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်အဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ ကျေးရွာလူထုနှင့် ပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) ဦးစားပေး စီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်း စနစ်ဖြင့် ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံ အကူအညီရရှိရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ſc

စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းဆောင်လုပ်ခြင်း	ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း	၁၀၀	၁	ရာသီမရွေးသွားလာနိုင်ရန် ကျေးရွာတွင်းရှိ မြေသားလမ်းများ ပြုပြင်ခြင်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးစီးဆောင်ရွက်သွားမည်။	
၂	ပညာရေး	အခြေခံပညာရေး	ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ လုံလောက်သောဆရာဦးရေရရှိအောင်ဆောင်ရွက်ခြင်း	၈၄	၂	ယခုအခါ ကျေးရွာသည် အလယ်တန်းကျောင်း ပွင့်ပြီးကျောင်းဆောင် လုံလောက်မှု မရှိပါ။ ကျေးရွာအနေဖြင့် ဆင်းရဲသောကြောင့် ကျောင်း ဆောက်ရန် မတတ်နိုင်ကြပါ။ ထို့ကြောင့် ကျောင်းသစ် ဆောက်လုပ်ပံ့ပိုးရန် အဆိုပြုခြင်း ဖြစ်သည်။	
၃	အခြေခံအဆောက်အဦ	တံတားဆောက်လုပ်ခြင်း	ရွာအဝင်တံတား တိုးတက်ကောင်းမွန်အောင်ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း	၇၀	၃	ရွာတွင်းလမ်းမပျက်စီးစေရန်၊ ရေစီးရေလာကောင်းမွန်စေရန် ရေပြွန် ရေထုတ်မြောင်း ပြု ပြင်ခြင်း။	
၄	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ	မျိုးကောင်း မျိုးသန့် ရရှိရေး၊ ဘတ်စုံစိုက်ပျိုးရေးနည်းပညာ သင်တန်းများဖွင့်လှစ်ပေးခြင်း	၆၀	၄	စံပါးမျိုးကောင်း မျိုးသန့်များ သုံးစွဲနိုင်အောင်ဆောင်ရွက်ခြင်း၊ လယ်ယာလုပ်ငန်းတွင် စက် ကိရိယာအသုံးပြုနိုင်အောင် ဆောင်ရွက်ခြင်း၊ ကောက်ပဲသီးနှံများကို ရောဂါနှင့်ပိုးမွှားများမကျရောက်စေရန် နည်းပညာများ ပံ့ပိုးရန်အဆိုပြုခြင်းဖြစ်သည်။	
၅	ပညာရေး	အစိုးရအသိအမှတ်မပြု (သက်မွေးပညာ)	သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ရရှိရေး	၄၈	၅	အသက်မွေးဝမ်းကျောင်းပညာ စိတ်ဝင်စား သောလူငယ်များနှင့် ရပ်မိရပ်ဖများ ပူးပေါင်း ပြီး စက်ယန္တရားမောင်းသင်တန်း၊ လျှပ်စစ်ကိရိယာပြုပြင်ရေး သင်တန်း၊ အပ်ချုပ်စက် သင်တန်း၊ ပန်းထိုးဇာထိုးသင်တန်းများ ရရှိအောင်ဆောင်ရွက်ခြင်း။	

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလ ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

စီမံကိန်း	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း	၁	—				
၂။ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ လုံလောက်သောဆရာဦးရေရရှိရန်ဆောင်ရွက်ခြင်း	၂	—	—			
၃။ ရွာအဝင်တံတားတိုးတက်ကောင်းမွန်အောင် ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း	၃		—			
၄။ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ဘက်စုံစိုက်ပျိုးရေး နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း	၄		—	—	—	—
၅။ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ရရှိနိုင်ရေး	၅			—	—	

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာအဖြစ်ကိုးကား ရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားအဟုတ်သော ထည့်ဝင်မှုများကို ဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ၊ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	

၁	ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း			✓		
၂	ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ လုံလောက်သောဆရာဦးရေရရှိရန်ဆောင်ရွက်ခြင်း			✓		

၃	ရွာအဝင်တံတားတိုးတက်ကောင်းမွန်အောင်ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း			✓		
၄	မျိုးကောင်းမျိုးသန့်ရရှိရေး၊ ဘက်စုံစိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးခြင်း			✓		
၅	အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ရရှိနိုင်ရေး				✓	

၁၀။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်း ဆောင်ရွက်မည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၄	၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၈	၂၀	၃၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၂	၂၀	၄၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၄	၁၈	၃၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၂	၂၉၉	၅၈၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃၇	၄၀	၇၇
စုစုပေါင်း		**၃၇၆**	**၄၀၁**	**၇၇၇**
စုစုပေါင်း အိမ်ထောင်စု		**၁၆၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုပေါင်း (၁၆၀)ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄.၈)ဦး ရှိပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၈၈	သင့်	အနည်း	
ယာမြေ	၈၈၉	သင့်	အနည်း	
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၉၇၇			

